ထရိုင်ကိုဂရားမားဥကပ်ပါးနကျီကဲ့သို့ မိတ်ဆွေပိုးများသည် စပါးခင်းပတ်လည်ရှိ ပန်းပွင့်သောအပင်များမှ ဝတ်ရည်များကို မှီခိုနေထိုင်ကြသည်။

မိတ်ဆွေကပ်ပါးနကျီများ ထိန်းသိမ်းနိုင်ရန် စပါးခင်းပတ်လည်တွင် ကြာရှည်ပန်းပွင့်သော အပင်များ စိုက်ရမည်။



ထရိုင်ကိုဂရားမားဥကပ်ပါးနကျီသည် တစ်ကွင်းတစ်စပ်တည်းရှိသောတောင်သူများ ပူးပေါင်း၍ စပါးကွင်းကျယ်ကျယ်တွင်လွှတ်ပေးလျှင်ပို၍ အကျိုးသက်ရောက်သည်။ တောင်သူတစ်ဦးတည်း၏ ကွင်းထဲတွင် လွှတ်လျှင်နကျီအချို့ တစ်ခြားကွင်းထဲသို့ ထွက်ပြေးနိုင်သည်။





စပါးတွင်ကျရောက်သော အစိကလိပ်ပြာမျိုးရင်းဝင် ဖျက်ပိုးများကို နှိမ်နင်းရန် ထရိုင်ကိုဂရားမားနကျီလွှတ်ခြင်းသည် သိသာထင်ရှား၍ အကျိုးသက်ရောက်သော နှိမ်နင်းနည်းဖြစ်သည်။



# စပါးတွင်ကျရောက်သောအစိကလိပ်ပြာမျိုးရင်းဝင် ဖျက်ပိုးများကို ဇီဝနည်းဖြင့်ကာကွယ်နှိမ်နင်းရန် ထရိုင်ကိုဂရားမား ဥကပ်ပါးနကျီအသုံးပြုခြင်း



**Project partners:**

IPP-CAAS, Beijing China
CABI Switzerland
Plant Protection Station, Xingan, Guangxi
Plant Protection Quarantine Station, Dehong Yunnan
Plant Protection Division, Myanmar
Plant Protection Centre, Lao PDR
Tian Yi biological control co. LTD, Hengshui, Hebei
International Rice Research Institute

Project funded by EuropeAid

ထရိုင်ကိုဂရားမားနကျီ၏ ဘဝစက်ဝန်းသည် (၁၀) ရက် ခန့်ရှိသည်။ အသစ်ပေါက်လာသော နကျီများသည် ဖျက်ပိုးဥများကို ရှာဖွေ၍ ကပ်ပါးပြုသည်။




ဥကတ်မှပေါက်လာသော နကျီများသည် စပါးသီးနှံ၏ အဓိကဖျက်ပိုးများဖြစ်သော ဆစ်ပိုး၊ ရွက်လိပ်ပိုး၊ ရွက်လိမ်အိမ်ပိုး၊ ငမြှောင်တောင်ပိုးများ၏ ဥများကို ကပ်ပါးပြုနိုင်သည်။









နကျီများကိုပင်ပွားထွက်ချိန်နှင့် ဖုံးတုံးလုံးတုံးချိန်တွင် (၂) ကြိမ် လွှတ်ပေးရမည်။ ပျိုးခင်းတွင်လည်း (၁) ကြိမ် လွှတ်နိုင်သည်။



ကွင်းထဲသို့နကျီများလွှတ်ချိန်သည် အရေးကြီးသည်။ နကျီဥကတ်မှ နကျီများထွက်လုခါနီးအချိန်တွင် နကျီကတ်များကို စပါးပင်များပေါ်တွင် ချိတ်ထားရမည်။




အထက်ပါပုံတွင် ပြထားသည့်အတိုင်း နကျီကတ်များကိုချိတ်ရမည်။ ဥကတ်၏ တစ်ဘက်တွင် စာများပါ၍ တစ်ခြားဘက်တွင် နကျီများပါသည်။ စာပါသောဘက်ကိုအပြင်ဘက်တွင် ထား၍ ချိတ်ရမည်။ နကျီများ မိုးရွာခြင်းနှင့် နေပူဒဏ်မှကာကွယ်ရန် နကျီပါသောဘက်ကို အတွင်းဘက်သို့ ထားရမည်။ နကျီများကို နေပူချိန်၊ မိုးသည်းထန်စွာ မရွာခင် (သို့) ရွာနေချိန်တွင် မလွှတ်ရပါ။

နကျီဥကတ် (၁) ကတ်တွင် နကျီကောင်ပေါင်း (၁၀၀၀) ပါသည်။ စပါး (၁) ဧကတွင် တစ်ကြိမ်လွှတ်လျှင် နကျီကတ်ပေါင်း (၅၀) လွှတ်ရမည်။ (၃) ကြိမ်လွှတ်ရမည်။ ဥကတ်တစ်ခုနှင့်တစ်ခုကို (၁၀) မီတာအကွာတွင် ထားရမည်။




နကျီမလွှတ်ခင် (၁) ပတ်နှင့် လွှတ်ပြီးနောက် (၁) ပတ် အတွင်း စပါးခင်းကို ပိုးသတ်ဆေးလုံးဝမဖျန်းရပါ။ ဖျက်ပိုးပြင်းထန်စွာကျရောက်လျှင် သီးနှံကာကွယ်ရေး ဌာနခွဲမှ အကြံဉာဏ်များရယူ၍ နှိမ်နင်းမှုနည်းလမ်းများကို ဆောင်ရွက်ပါ။

